# သာမန်ကာလ (၂၈)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၁၀း၁၇-၃၀

ယနေ့ ဖတ်ရတဲ့ ရှင်မာကု ဧဝံဂေလိကျမ်းစာမှာ လူတစ်ယောက်က "ထာဝရအသက်ရဖို့ ဘာလုပ်ရမလဲ" လို့ ယေဇူးဘုရားရှင်ကို မေးလျှောက်ပါတယ်။ ထာဝရအသက်ရဖို့ သေချာချင်လို့ မေးတာပါ။ အပိုင်ကြံချင်တဲ့သဘောပါ။ "ဘာလုပ်ရမလဲ" လို့ မေးလို့ ယေဇူးဘုရားရှင်ကလည်း လုပ်ရမည့်အရာ၊ ရှောင်ရမည့်အရာတွေကို မိန့်တော်မူပါတယ် "လူ့အသက်ကို မသတ်နဲ့။ မခိုးနဲ့။ မလိမ်ညာနဲ့။ မိဘတွေကို ရိုသေ စသည်ဖြင့် ပညတ်တော်တွေကို မိန့်ကြားပါတယ်။ ဒီလို လုပ်ရမည့်အရာ၊ ရှောင်ရမည့်အရာတွေကို ကျနော်တို့ လိုက်လုပ်ရတာဟာ သိတ်တော့ အခက်ကြီး မဟုတ်ပါဘူး။ ဒီလူလည်း အဲ့ဒီလို မိန့်တော်မူတဲ့အတိုင်း လုပ်ရမည့်အရာ၊ ရှောင်ရမည့်အရာတွေကို ငယ်ငယ်လေးကတည်းက အတိအကျ လိုက်နာခဲ့တဲ့သူဖြစ်ကြောင်း ပြန်လျှောက်လိုက်ပါတယ်။

ဘာသာသူတွေ ကျနော်တို့ ဝိညာဉ်ရေးက "ဘာတွေလုပ်ရမယ်၊ ဘာတွေရှောင်ရမယ်" ဆိုတာထက် ပိုပါတယ်။ "ဘာတွေလုပ်ရမယ်၊ ဘာတွေရှောင်ရမယ်" ဆိုတာတွေက အပေါ်ယံ လုပ်ရိုးလေးနဲ့ တာဝန်ကျေပြီလို့ ထင်နေကြပါတယ်။ တကယ်တော့ ခရစ်ယာန်ဘာသာက လုပ်ခိုင်းတာထက် လျှော့ခိုင်းတာက ပိုမှန်ပါလိမ့်မယ်။ သင့် မာနကို လျှော့ရဲ့လား၊ သင့်ဒေါသကို ထိန်းရဲ့လား၊ သင့်မနာလိုစိတ်ကို ဖျောက်ရဲ့လား၊ သူတစ်ပါးအပေါ် ချစ်ခြင်းမေတ္တာ ထားရဲ့လား ဆိုတာတွေက ပိုအရေးကြီးပါတယ်။ ဒါတွေဟာ သင့်လုပ်ရပ်ထက် သင့်စိတ်နှလုံးသားက ပိုပြီး ပေါ်လွင်ပါတယ်။ ဘုရားကလည်း သင့်လုပ်ရပ်ကို ကြည့်တဲ့ဘုရား မဟုတ်ဘူး၊ သင့်စိတ်နှလုံးသားကို ကြည့်တဲ့ဘုရား ဖြစ်ပါတယ်။

ကျနော်တို့ သိကြပါတယ်။ လူတယောက်ဟာ တစ်သက်လုံး ဆိုးသွမ်းလာခဲ့ပြီး သေခါနီးကျမှ နောင်တရပြီး သေသွားရင် သူဟာ ထာဝရအသက်ရတယ်ဆိုတာ သိပြီးသားပါ။ ဒါဆို ဟိုလူတစ်ယောက်ကတော့ တစ်သက်လုံး ကောင်းလာခဲ့ပြီးမှ သေခါနီးကျတော့ ဖေါက်လွဲဖေါက်ပြန်ဖြစ်ပြီး အပြစ်ကြီးတစ်ခု ကျူးလွန်လိုက်တာနဲ့ ငရဲရောက်ရောလားဗျာ ။ တစ်သက်လုံး ကောင်းလာခဲ့ပြီးမှနော်။ ဒါကြောင့် ဘုရားက လူကို ကြည့်တဲ့အခါ သူ့ရဲ့စိတ်ထားရင်းကို ကြည့်ပါတယ်။ သူ့ရဲ့စိတ်ထားရင်းက ဘုရားကို တကယ်ချစ်တာပါ၊ တကယ်ယုံတာပါ။ ကိုယ့်ကိုယ်ကို ချစ်သလို သူတစ်ပါးတွေကိုလည်း ချစ်ချင်တဲ့စိတ်ထားရင်း ရှိပါတယ်။ အခု အပြစ်လုပ်မိတာကလည်း ကိုယ့်စိတ်ကို ကိုယ်မထိန်းနိုင်လို့ ဖြစ်သွားရတာပါ။ ဒါတွေကို ဘုရားက သိတော်မူပါတယ်။ ဒါကြောင့် လက်ဝါးကားတိုင်ပေါ်က ယေဇူးဘုရားရှင်က "သူတို့လုပ်တာတွေ သူတို့ မသိကြသောကြောင့် သူတို့ကို ခွင့်လွှတ်တော်မူပါ" လို့ အဖခမည်းတော်ဘုရားထံ တောင်းလျှောက်ပေးခဲ့တယ် မဟုတ်လား။ ဒါကြောင့် ယနေ့ သင့်ရဲ့စိတ်ထားရင်းက ဘာလဲ။ စိတ်ကောင်းနှလုံးကောင်း ရှိရဲ့လား။ အခု ယေဇူးဘုရားရှင်ဆီကို လာမေးတဲ့လူကိုလည်း ယေဇူးဘုရားရှင်က သူ့စိတ်ထားရင်း ပေါ်အောင် စိန်ခေါ်ချက်တစ်ခုကို လုပ်ခိုင်းလိုက်ပါတယ်၊ "သင်၌ တစ်ခုလိုနေသေး၏။ သွား၍ သင်၌ ရှိသမျှ ဥစ္စာပစ္စည်းတို့ကို ရောင်းချပြီးလျှင် ဆင်းရဲသားတို့အား ပေးကမ်းစွန့်ကြဲလော့။ သို့ဖြစ်လျှင် သင်သည် ကောင်းကင်၌

ဘဏ္ဍာကို ရလိမ့်မည်။ ထို့နောက် ငါ့နောက်သို့ လိုက်လော”။ ဒါဟာ ဘာကို ဖော်ထုတ်လိုက်သလဲဆိုတော့ သူ့မှာ ထာဝရအသက်ရဖို့အတွက် အတားအဆီးကြီးကတော့ သူ့ရဲ့ စိတ်ထားရင်းဖြစ်တဲ့ လောဘ၊ ငွေကြေးကို ဘုရားထက်တောင် ပိုအရေးပေးသေးတယ်။ ဒါဆိုရင် သူ ငယ်ငယ်လေးကတည်းက လိုက်နာခဲ့ပါတယ်ဆိုတဲ့ ပညတ်တော်တော် (၁၀)ပါးရဲ့ ပထမဆုံးပညတ်ကို သူ ချိုးဖေါက်နေတာပါပဲ။ ပထမဆုံးပညတ်တော်ကို သူ ဘယ်လိုချိုးဖေါက်လိုက်တာလဲ “ဘုရားတစ်ဆူအပြင် မည်သည့်အရာ သတ္တဝါကို ဘုရားအမှတ်နဲ့ မကိုးကွယ်ရ” ဆိုတာကို သူက ပိုက်ဆံ ငွေကြေးကို သူ့ဘဝမှာ ဘုရားထက်တောင် ပိုအရေးကြီးဆုံးအဖြစ် သူက ကိုးကွယ်နေလို့ ဖြစ်ပါတယ်။

ပိုက်ဆံချမ်းသာတာက အပြစ်မဟုတ်ပါဘူး။ လောဘကြီးတာက အပြစ်ပါ။ အဲဒီလောဘက ဘယ်လောက်ကြီးသလဲဆိုတော့ ငါ့ဘေးပတ်ဝန်းကျင်ကလူတွေ ဘယ်လိုပဲ ဒုက္ခရောက်ရောက်၊ ထမင်းငတ်လို့ပဲသေသေ၊ ငါ ပိုက်ဆံချမ်းသာနေဖို့က အဓိကလို့ ခံယူထားတဲ့အထိ လောဘကြီးတယ်။ပိုက်ဆံနဲ့ ပတ်သက်လာရင် ဘာပဲလုပ်ရလုပ်ရ လုပ်မှာပဲ၊ လူသတ်ရမယ်ဆိုရင်တောင် ဝန်မလေးဘူး။

ယေရှုဘုရားရှင်က ဒီလူကို “အရေးကြီးဆုံးတစ်ခု သင်၌ လိုသေးတယ်” ဆိုတာကို ပေါ်လွင်စေဖို့ ရှိသမျှ ဥစ္စာပစ္စည်းတို့ကို ရောင်းချပြီး ဆင်းရဲသားတို့အား ပေးကမ်းစွန့်ကြဲခိုင်းတာပါ။ ယုံကြည်သူတိုင်းကို အဲဒီလိုလိုက်လုပ်ရမယ်လို့ မဆိုလိုပါဘူး။ ဒါပေမဲ့ သင့်စိတ်ထဲမှာ လောဘစိတ်ကင်းဖို့ကိုတော့ ဘုရားက တောင်းဆိုနေပါတယ်။ ဒီစိတ်ထားကြောင့် “ချမ်းသာကြွယ်ဝတဲ့သူတွေ ကောင်းကင်နိုင်ငံတော်ကို ဝင်ရဖို့ ခဲယဉ်းနေရပါတယ်။ ကုလားအုပ်ကသာ အုပ်ပေါက်ထဲကို သူ့ခေါင်း လျှိုဝင်ရတာ လွယ်ချင်လွယ်အုံးမယ်” တဲ့။

ယေရှုဘုရားရှင်ရဲ့နောက်တော်ကို လိုက်ဖို့ သင့်ကို ဘာက အဟန့်အတား ဖြစ်နေစေတာလဲ။ သင့်တိုက်လား၊ သင့်ပိုက်ဆံလား၊ သင့်ကားလား။ သင့်ဝါသနာလား။ သူဌေးတွေမှာ ဘာပဲလိုအပ်လိုအပ် ပိုက်ဆံနဲ့ ဝယ်လိုက်ရုံပဲ။ တခုခုလိုအပ်နေလို့ စိတ်ညစ်မနေဘူး။ ပိုက်ဆံနဲ့ ရှင်းလိုက်ရင် ချက်ချင်းရတယ်။ ဒါက သူ့ကို ဘုရားနဲ့ ဝေးစေတယ်။ သူ့အတွက် ဘုရား မလိုဘူးလို့ သူ့စိတ်ထဲ အဲ့လို ဝင်လာတယ်။ အစစအရာရာ ပြည့်စုံနေပြီးသား။ ဒါပေမဲ့ လောကမှာ လိုချင်တာအကုန်ရနေတဲ့သူဌေးဟာ အရေးအကြီးဆုံးအရာဖြစ်တဲ့ “ထာဝရအသက်” နဲ့ လွဲရတော့မယ်ဆိုရင် လူဖြစ်ရကျိုး မနပ်တော့ဘူး။

တပည့်တော်ကြီးတွေက အံ့သြကြတယ်။ သူတို့ ထင်နေတာက “ဒီလူ ချမ်းသာကြွယ်ဝနေတယ်ဆိုတာ သူ ကောင်းလို့ ဘုရားက ဆုချထားတာ” လို့ အယူအဆရှိကြတယ်။ ယနေ့ခေတ်မှာလည်း အဲ့လို ယူဆနေကြပါတယ်။ ချမ်းသာကြွယ်ဝတာက သူတို့ ကောင်းလို့ ဘုရားက သူတို့ကို ဆုချတဲ့အနေနဲ့ ချမ်းသာကြွယ်ဝအောင် ကျေးဇူးတော် ပေးထားတာလို့ ထင်နေကြတုန်းပါပဲ။ တစ်ချို့ ဘာသာသူတွေ ချမ်းသာကြတာမှန်ပေမဲ့ ဘာသာသူအများစုက ဆင်းရဲကြပါတယ်။ ချမ်းသာကြွယ်ဝမှုဟာ ယုံကြည်ခြင်းရဲ့ လက္ခဏာမဟုတ်ပါဘူး။

ဒီလူ ငယ်ငယ်လေးကတည်းက ပညတ်တော်တွေအားလုံးကို လိုက်နာကျင့်ကြံတယ်လို့သာ

ပြောတာ သူ့မှာ ချစ်ခြင်းမေတ္တာ မရှိဘူး။ ပညတ်တော်တွေကို ဝတ်ကျေတမ်းကျေ လိုက်နာတဲ့သဘော ပါပဲ။ သူ့လောဘကိုတောင် သူ မထိန်းနိုင်ပါဘူး။

ယေရှုဘုရားရှင်က အရာရာကို စွန့်လွှတ်ပြီးတော့ သူ့နောက်ကို လိုက်တဲ့သူတွေအတွက် ဘာတွေ ရရှိမလဲဆိုတာ မိန့်တော်မူပါတယ်။ "သင်တို့အား ငါကေန်အမှန်ဆိုသည်ကား မည်သူမဆို ငါ့အတွက်နှင့် ဧဝံဂေလိတရားတော်အတွက် အိမ်၊ ညီအစ်ကို၊ နှမ ၊ မိဘ၊ သားသမီးနှင့် မြေယာများကို စွန့်လွှတ်လျှင် ယခုဘဝတွင် ညှဉ်းဆဲခံရခြင်းနှင့်တကွ အိမ်၊ ညီအစ်ကိုမောင်နှမများ၊ မိခင်များ၊ သားသမီးများနှင့် မြေယာများကို အဆတစ်ရာမရပဲမနေသကဲ့သို့ နောင်ဘဝတွင်လည်း ထာဝရအသက်ကို မရပဲ မရှိရာ၊" ဒီလောကမှာ အဆတစ်ရာသော အကျိုးကျေးဇူး ရ/မရ ကျနော်တော့ စိတ်မဝင်စားဘူး။ နောင်ဘဝမှာ ထာဝရအသက်ရဖို့ သေချာနေတာကိုပဲ တန်နေပါပြီ။ ဒီလောကမှာ အဆတစ်ရာသော အကျိုးကျေးဇူး ရတယ်ဆိုတာက ယေရှုဘုရားရှင်ရဲ့ တရားတော်ကို လိုက်နာကျင့်ကြံလို့ပါ။ ယေရှုဘုရားရှင်ရဲ့ တရားတော်ကိုက "ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်း" လေ ။ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းအတိုင်း ကျင့်ကြံမှတော့ ဝမ်းမြောက်နေပြီပေါ့ဗျာ ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းချီးမင်္ဂလာများ ခံစားကြရပါစေ။